
## ခွေးမြီးပုတ်

Scientific name - *Setaria pumila* (Poir.) Roem & Schult.

Common name - Yellow foxtail

Family - Poaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး အောက်ခြေတစ်နေရာတည်းမှ မညီမညာဖြာထွက်သည်။ ရှင်သန်နိုင်စွမ်းပေါ်မူတည်၍ အပင်အရွယ်အစားသည် အပင်အမြင့်စင်တီမီတာအနည်းငယ်မှ ၁၀၀ စင်တီမီတာအထက်ထိ အမျိုးမျိုး တွေ့ရသည်။ ပင်စည်အခြေနှင့် အောက်ပိုင်းအရွက်များမှာ တစ်ခါတစ်ရံ အနီရောင် သို့မဟုတ် ခရမ်းရောင် ရှိသည်။ အရွက်သည် ပျော့ပျောင်း၍ သေးသွယ်ရှည်လျားသည်။ အများအားဖြင့် ပြောင်ချောနေပြီး တစ်ခါတစ်ရံ အရွက်ရင်း၌ အမွေးများတွေ့ရတတ်သည်။ ရွက်နားကြမ်းသည်။ ထပ်ဆင့်ပန်းခိုင်သည် အမြီးမပါသော်လည်း သန်မာတုတ်ခိုင်သော အမွေးကြမ်း ၄ - ၁၂ ခု ရှိသည်။ ရင့်သောအခါ အဝါရောင်၊ လိမ္မော်ရောင်၊ ညိုဝါရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။